# အိမ်ထောင်စုမေးခွန်းလွှာ

| တည်နေရာ | | သင်္ကေတ(သို့)အမည် | | | |
|---|---|---|---|---|---|
| စာရင်းအမှတ် | | ကျေးရွာ | | အိမ်ထောင်ဦးစီးအမည် | |
| မြို့နယ် | | စီမံကိန်းရုံး | | WR အဆင | |
| မြို့တော်/မြို့ | | သွားရောက်မေးမြန်းမှုနေ့စ | | ပါဝင်ဆောင်ရွက်မှုနေ့စ | |
| ရပ်ကွက်/ကျေးရွာအုပ်စု | | စာရင်းကောက်သ | | အိမ်ထောင်စုဝင်အားလုံးအရေအတွက် | |

| တိုင်းတာသည့်အညTန်းကိန်း(မေးခွန်း) | အဖြေ | ပေးမှတ် | ရမှတ် |
|---|---|---|---|
| ၁. သင့်အိမ်ထောင်စုတွင် အိမ်ထောင်စုဝင် ဘယ်နှစ်ဦး ရှိပါသလဲ။ | (က) ရှစ်ဦးနှင့် အထက် | ၀ | |
| | (ခ) ခုနစ် ဦး | ၆ | |
| | (ဂ) ခြောက်ဦး | ၁၀ | |
| | (ဃ) ငါးဦး | ၁၄ | |
| | (င) လေးဦး | ၁၉ | |
| | (စ) သုံးဦး | ၂၆ | |
| | (ဆ) တစ်ဦး (သို့) နှစ်ဦး | ၃၄ | |
| ၂. သင်တို့ အိမ်ထောင်စု၏ အမျိုးသမီးအိမ်ထောင်ဦးစီး (သို့) အိမ်ထောင်ဦးစီး၏ ဇနီးသည် အမြင့်ဆုံး ဘယ်နှစ်တန်းအောင်ခဲ့ပါသလဲ။ | (က) အမျိုးသမီးအိမ်ထောင်ဦးစီး (သို့) အိမ်ထောင်ဦးစီး၏ဇနီး မရှိပါ။ | ၀ | |
| | (ခ) အတန်းမရှိပါ (သို့) သူငယ်တန်း(သို့) ပထမတန်း | ၁ | |
| | (ဂ) ဒုတိယတန်း | ၇ | |
| | (ဃ) တတိယ တန်းမှ ပဉ္စမတန်း | ၈ | |
| | (င) ဆဋ္ဌမတန်းနှင့်အထက် | ၉ | |
| ၃. အိပ်ခန်း၊ဧည့်ခန်း နှင့် စီးပွားရေးအတွက် သုံးသော အခန်းများအပါအဝင် အခန်းဘယ်နှစ်ခန်း ကို သင့်အိမ်ထောင်စုက သုံးပါသလဲ။ (မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊လသာဆောင်နှင့် စင်္ကြန်လမ်းကို ထည့်မတွက်ပါနှင့်)။ | (က) အခန်းမရှိပါ (သို့) တစ်ခန်း | ၀ | |
| | (ခ) နှစ်ခန်း | ၂ | |
| | (ဂ) သုံးခန်း | ၃ | |
| | (ဃ) လေးခန်း | ၄ | |
| | (င) ငါးခန်း နှင့် အထက် | ၉ | |
| ၄. သင်တို့ နေအိမ် ကြမ်းခင်းတွင် အဓိကသုံးသော ပစ္စည်းဟာ ဘာပါလဲ။(မျက်မြင်အား ဖြင့်ဆုံးဖြတ်ပါ) | (က) ထန်း၊ဝါးကြမ်းခင်း၊ အကြမ်းထည်များ(မြေကြီး၊ သစ်သား၊ ထန်း၊ ဝါး စသည်) ပေါင်းစပ်ခင်း၊သဘာဝမြေကြီး (သို့) သဲ | ၀ | |
| | (ခ) ပျဉ်ကြမ်းခင်း၊ ပါကေး(သို့) ပေါလစ်တိုက်ကြမ်းခင်း၊ လျှာထိုးခင်း၊ သမံတလင်း၊ သစ်သားခင်း (သို့) သမံတလင်းပေါ် ကော်ဇောစသည့်အခင်းနှင့်၊ သမံတလင်း - သစ်သားအချောထည်နှင့် အခြားတို့ ပေါင်းစပ်ခင်း။ | ၅ | |
| ၅. သင်တို့ နေအိမ် အပြင်နံရံတွင် အဓိကသုံးသော ပစ္စည်းဟာ ဘာပါလဲ။(မျက်မြင်အားဖြင့် ဆုံးဖြတ်ပါ) | (က) သက်ကယ်၊ အင်ဖက်၊ ထန်း၊ ဓနိ (သို့) တာပေါ်လင် | ၀ | |
| | (ခ) ဝါး (သို့) သစ်အကြမ်းထည် | ၂ | |
| | (ဂ) နေလှမ်းရွှံ့၊ ရွှံ့အုတ်၊ ထုံးကျောက်အုတ်၊ သစ်အချောထည် (သို့) အခြား | ၃ | |
| | (ဃ) မီးသင်းအုတ် နှင့် အင်္ဂတေ (သို့) ကြွေပြားကပ် အင်္ဂတေ | ၉ | |
| ၆. သင်တို့အိမ်ထောင်စုက ချက်ပြုတ်ရာမှာ ဘယ်လို မီးဖိုမျိုးကို အများဆုံးသုံးပါသလဲ။ | (က) လဟာပြင်မီးဖို၊ အကာအကွယ်မဲ့မီးဖို၊ ရိုးရာအကာအကွယ်ရှိမီးဖို၊ စပါးခွံမီးဖို | ၀ | |
| | (ခ) A1 တီထွင်ထားသည့်မီးဖို၊ အခြားတီထွင်ထားသည့်မီးဖို၊ အခြား(သို့) လျှပ်စစ်မီးဖို၊ ဓာတ်ငွေ့၊ ရေနံဆီ ဒီဇယ်၊ဇီဝလောင်စာ | ၄ | |
| ၇. သင်တို့ အိမ်ထောင်စု ကြောင်အိမ် (သို့) ဘီဒို ပိုင်/ သုံးနိုင်ပါသလား။ (တခြားသူထံငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်)။ | (က) မပိုင် / မသုံးနိုင် | ၀ | |
| | (ခ) တစ်ခုပိုင်/သုံးနိုင် | ၁ | |
| | (ခ) နှစ်ခုလုံး ပိုင်/သုံးနိုင် | ၅ | |
| ၈. သင်တို့အိမ်ထောင်စု အဖြူအမဲ ရုပ်မြင်သံကြား (သို့) ရောင်စုံ ရုပ်မြင်သံကြားစက် ပိုင်/သုံးနိုင်ပါသလား၊ (တခြားသူထံငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်)။ | (က) မပိုင် / မသုံးနိုင် | ၀ | |
| | (ခ) ပိုင် /သုံးနိုင် | ၉ | |
| ၉. သင်တို့အိမ်ထောင်စု စက်ဘီး (သို့) စက်မဲ့လှေ/မော်တော်ဆိုင်ကယ် / လက်တွန်း လယ်ထွန်စက်/ ဆိုက္ကား / စက်တပ်မော်တော်/ထော်လာဂျီ/သုံးဘီးဆိုင်ကယ်/မော်တော်ကား (၄ ဘီး)/လယ်ထွန်စက် ပိုင်/သုံးနိုင်သလား။ (တခြားသူထံ ငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်) | (က) တစ်ခုမျှမပိုင်ပါ။ | ၀ | |
| | (ခ) စက်ဘီး (သို့) စက်မဲ့လှေ တစ်ခုခု | ၄ | |
| | (ဂ) မော်တော်ဆိုင်ကယ် / လက်တွန်း လယ်ထွန်စက်/ ဆိုက္ကား /စက်တပ်မော်တော်/ထော်လာဂျီ/သုံးဘီးဆိုင်ကယ်/ မော်တော်ကား (၄ ဘီး) / လယ်ထွန်စက် (စက်ဘီး (သို့) စက်မဲ့လှေ ပိုင်/ သုံးနိုင်သည်ဖြစ်စေ၊ မပိုင်/မသုံးနိုင် သည်ဖြစ်စေ) | ၈ | |
| ၁၀. သင်တို့အိမ်ထောင်စုဝင် တစ်ဦးဦး ၏အဓိကအလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်း များကို လုပ်ကိုင်ပါသလား။ မလုပ်ကိုင်ပါက အဖြေ (ခ)။ လုပ်ကိုင်ပါက ဆက်မေးရန်- သင်တို့အိမ်ထောင်စုဝင် တစ်ဦးဦး ပိုင် (သို့) လုပ်နိုင်ခွင့်ရှိတဲ့ စိုက်ပျိုးမြေ၊ မွေးမြူရေးမြေ၊ သစ်တောမြေ၊ စားကျက်မြေနှင့် ရေပြင်အင်းအိုင် ရှိပါသလား။ မရှိပါက အဖြေ (က)။ ရှိပါက ဆက်မေးရန်- ခိုင်းနွားမဟုတ်သောနွား၊ ခိုင်းကျွဲမဟုတ်သောကျွဲ၊ နို့စားနွားမ၊ နွားနောက်၊ မြင်း (သို့) မြည်း/လား တစ်မျိုးမျိုးကို ပိုင်ဆိုင်ပါသလား။ (တခြားသူထံ ငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်) | (က) လုပ်ကွက်မြေမပိုင်ဆိုင်သော အိမ်ထောင်စု | ၀ | |
| | (ခ) ဖော်ပြပါ လုပ်ငန်းများ မလုပ်ကိုင်သောအိမ်ထောင်စု | ၁ | |
| | (ဂ) လုပ်ကွက်မြေပိုင်ဆိုင်ပြီး ခိုင်းရန်မဟုတ်သော တိရစ္ဆာန်ကြီးများ မပိုင်ဆိုင် သောအိမ်ထောင်စု | ၄ | |
| | (ဃ) လုပ်ကွက် မြေပိုင်ဆိုင်ပြီး ခိုင်းရန်မဟုတ်သော တိရစ္ဆာန်ကြီးများပိုင်ဆိုင် သောအိမ်ထောင်စု | ၈ | |



**Score:**

# ဆောင်ရွက်ရန်လမ်းညွှန် -အိမ်ထောင်စုစာရင်းစဉ် နှင့် အဓိကအလုပ်အကိုင်

တွေ့ဆုံမေးမြန်းမှုစတင်လျှင် ဖြေဆိုသူအားအောက်ပါတို့ကိုဖတ်ပြပါ။

**ပထမဦးဆုံး သင်တို့အိမ်ထောင်စုမှာရှိတဲ့ အိမ်ထောင်စုဝင်အားလုံးရဲ့ အမည်ကို ပြောပြပေးစေလိုပါတယ်။ ပါဝင်မည့်သူတွေကတော့ ဒီအိမ်ထဲမှာဘဲ အများဆုံးနေထိုင်စားသောက်ပြီး တခြားစရိတ်တွေကိုပါ အတူတကွကျခံသုံးစွဲတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒါကြောင့်စာရင်းထဲမှာ သင်တို့အိမ်ထောင်စုဝင် အားလုံး၊ ဒီအိမ်ကိုသူတို့ရဲ့အမြဲတမ်းနေအိမ်အဖြစ်ယူဆနိုင်တဲ့ အဝေးမှာသွားပြီးပညာသင်(သို့မဟုတ်) အလုပ်လုပ်နေတဲ့သူများနှင့် ကလေးများပါဝင် ပါတယ်။ သင်တို့နဲ့အမျိုးမတော်ပေမဲ့လည်း အတူနေထိုင်စားသောက်နေသူများ အားလုံးကိုထည့်သွင်းပေါ်ပြပေးပါ။**

အိမ်ထောင်စုမှာရှိတဲ့ အိမ်ထောင်စုအားလုံးရဲ့အမည်ကိုရေးချပါ။ အိမ်ထောင်စုဝင်တစ်ဦးချင်း၏ အဓိကအလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သူဟုတ်မဟုတ်ကို မေးပါ။ အိမ်ထောင်စုဝင်အရေအတွက်ကိုရေတွက်၍ '#အိမ်ထောင်စုဝင်ဦးရေ'ကိုရေးချရန်နှင့် ၎င်းကိုမေးခွန်း(၁)ကိုဆုံးဖြတ်ဖြေဆိုရာတွင် အသုံးပြုရန်ဖြစ်ပါသည်။ ထို့နောက်အိမ်ထောင်စုဝင် တစ်ဦးချင်း၏ အဓိက လုပ်ကိုင်ခဲ့သော အလုပ်မှတ်သား၍ မေးခွန်း(၁၀)ကို ဆုံးဖြတ် ဖြေဆိုရာတွင်အသုံးပြုရန်ဖြစ်ပါသည်။

| **အိမ်ထောင်စုဝင်အမည်** | အိမ်ထောင်စုဝင်တစ်ဦးချင်း၏ အဓိကအလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်း များ ဟုတ်ပါသလား၊ | |
|---|---|---|
| ၁ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၂ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၃ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၄ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၅ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၆ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၇ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၈ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၉ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၁၀ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၁၁ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |
| ၁၂ | မလုပ်ခဲ့ပါ | လုပ်ခဲ့သည် |

# တိုင်းတာသည့်အညွှန်းကိန်း(မေးခွန်း)များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း အထွေထွေလမ်းညွှန်ချက်များ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ကနေဒါနိုင်ငံမှ နိုင်ငံတကာဆိုင်ရာ IDEA အဖွဲ့အစည်း (IDEA – International Institute) နှင့် IHLCA စီမံချက်တို့ ပူးပေါင်းပြုစုသော အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံ လေ့လာမှု ပထမအကြိမ် အရေအတွက်စစ်တမ်း ၂၀၀၄ ခုနှစ်မှ ဤလမ်းညွှန်ကို ရရှိသည်။

စာရင်းကောက်လက်စွဲ ကို ၂၀၀၄ - ၂၀၀၅ ခုနှစ် IHLCA စီမံချက်အတွက်ပြုစုခဲ့သည်။ ၎င်းလက်စွဲကို ၂၀၀၉ - ၂၀၁၀ IHLCA စီမံချက်အတွက် မေးခွန်းများထပ်မံဖြည့်စွက် ပြင်ဆင်ခဲ့သည်။သို့ရာတွင် ပြင်ဆင်ခဲ့သောလက်စွဲအသစ်ကို အဂFလိပ်ဘာသာ မပြန်ဆိုရသေးပါ။ þစာကို ရေးသူအနေဖြင့် လက်စွဲ နှစ်စောင်၏ ခြားနားမှုသည် ထပ်မံဖြည့်စွက်ထားသော မေးခွန်းများသာ ဖြစ်သည်ဟု သိထားပါသည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ (၆) အရ "စစ်တမ်းကောက်သူများသည် မေးခွန်းလွှာနည်းတူ စာရင်းကောက်လက်စွဲများ၊ ညွှန်ကြားချက်များကို ပြည့်စုံစွာ နားလည်သဘောပေါက်ထားရန် လိုအပ်သည်။ ဤအချက်များသည် စစ်တမ်းတစ်ခုအောင်မြင်စွာ ဆောင်ရွက်ပြီးစီး၍ မှန်ကန်တိကျသော အဖြေများ ရရှိရန် အတွက် အရေးပါလှသော လိုအပ်ချက်များဖြစ်သည်။"

## စစ်တမ်းမိတ်ဆက်

စာရင်းကောက်သူနှင့် ဖြေဆိုသူတို့ တွေ့ဆုံမှု၏ ပထမဆုံးအကြိမ်သည် တွေ့ဆုံမေးမြန်းမှု အောင်မြင်ရန် အရေးပါလှသည်။ ထို့ကြောင့် စာရင်းကောက်သူအပေါ် ဖြေဆိုသူ၏ ထင်မြင်ချက်သည် အရေးကြီးလှသောကြောင့် စာရင်းကောက်သူ၏ ပုံပန်းသဏ္ဍာန် သူ/သူမ၏ ပထမဆုံးသဘောထားနှင့် ပထမဆုံး ဘာပြောသည် စသည်တို့သည် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အရေးပါလှသည်။

စာရင်းကောက်သူသည် သူတို့၏ အလုပ်အတွက် ကောင်းမွန်စွာ ဝတ်ဆင်ထားရမည်။

ရွေးချယ်ခြင်းခံရသော အိမ်ထောင်စုအား ရှာတွေ့သွားသောအခါ စာရင်းကောက်သည် ထိုအိမ်ထောင်စုမှ အိမ်ထောင်ဦးစီး (သို့မဟုတ် သူ/သူမ၏ ဇနီး/ခင်ပွန်း) အား စကားပြောလိုကြောင်း ခွင့်ပန်သင့်သည်။ စာရင်းကောက်သူသည် တွေ့ဆုံခွင့်ရသောအခါ မိမိကိုယ်ကို ရင်းနှီးယဉ်ကျေးစွာ နှုတ်ခွန်းဆက်ပြီး မိတ်ဆက်သင့်သည်။ ထို့နောက်စာရင်းကောက်သည် စစ်တမ်းအကြောင်း၊ စစ်တမ်း၏ အရေးကြီးမှုနှင့် သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အရေးပါပုံတို့ကို တိုတောင်းကျစ်လစ်ပြည့်စုံစွာ ရှင်းပြသင့်သည်။

ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုတစ်ခုလုံးအတွက်ဖြေပေးနိုင်သော အရွယ်ရောက်ပြီးသူ အိမ်ထောင်စုဝင်တစ်ဦးဦးလည်း ဖြစ်နိုင်ပါသည်။

စာရင်းကောက်သူသည် ကွဲပြားခြားနားသော လူမှုစီးပွားနောက်ခံ အကြောင်းတရားများရှိ သောသူများနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်ရန်အလို့ငှာ ဆက်သွယ်ဆက်ဆံမှု အရည်အချင်းကောင်းတစ်ခု တည်ဆောက်ထားသင့်သည်။ စာရင်းကောက်သူသည် ယုံကြည်အားထားနိုင်သော စစ်တမ်းအဖြေများရရှိမှုကို တိုးမြှင့်နိုင်ရန်ဖြေဆိုသူ၏ ယုံကြည်စိတ်ချမှုကို တည်ဆောက်သင့်သည်။

စာရင်းကောက်သူသည် သူ/သူမသည် ဤအလုပ်ကို လုပ်ဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် မိမိကိုယ်ကို အရေးပါအရာရောက်သူ တစ်ဦးအဖြစ် ဖြေဆိုသူထင်မြင်သွားစေခြင်းမျိုး မဖြစ်စေသင့်ပေ။ သူ/သူမသည် ပွင့်ပွင့်လင်းလင်း ရှိသင့်သည်။ ရင်းရင်းနှီးနှီးရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရမည်။ လုပ်ငန်း အတွေ့အကြုံရှိသူတစ်ဦး အဖြစ် သိသာစေသင့်သည်။ ခြိမ်းခြောက်မှု ကင်းရှင်းရမည်။ သူ/သူမသည် ရန်လိုကြမ်းကြုတ်သောသူအဖြစ် မမြင်စေသင့်ပေ။ အကောင်းဆုံးသော ဆက်ဆံမှု ဖြေဆိုမှုကို ရရှိရန် ဖြေဆိုသူက စာရင်းကောက်ကို ရိုးသားပြီး ယုံကြည်စိတ်ချနိုင်သည်ဟု ထင်မြင်ရန်လိုအပ်ပါသည်။

စာရင်းကောက်သူသည် မိမိကိုယ်ကို မိတ်ဆက်သင့်သည်။ ထို့နောက် စစ်တမ်းသည် အိမ်ထောင်စု များရဲ့ နေထိုင်စားသောက်မှု အခြေအနေတွေကို ပိုမိုသိရှိနားလည်ဖို့ ကောက်ယူ ရခြင်း ဖြစ်ကြောင်း ရှင်းပြသင့်သည်။ အခြားသောအိမ်ထောင်စုများကိုလည်း စာရင်းကောက်ယူမှာဖြစ်ကြောင်းပြောကြားပြီး သူတို့၏ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူး တင်ကြောင်းပြောရမည်။ တွေ့ဆုံမေးမြန်းမှုသည် ၁၀ မိနစ်ခန့်ကြာမြင့်မည်ဟု အသိပေး ပြောကြားရမည်။ ဖြေကြားသောအဖြေများကို လQို့ဝှက်ထားမည်ဖြစ်ကြောင်း အသိပေးရန် အရေးကြီးသည်။ ဒါပေမဲ့ ရရှိလာသော အချက်အလက်များအားလုံးကို ကျွန်တော်/ ကျွန်မတို့၏ အဖွဲ့ အစည်းအတွင်းတွင်သာ အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြသင့်သည်။

ဖြေဆိုသူ၏ အလေးဂရုပြုမှုအဆင့်၊ ပြောဆိုဆက်ဆံမှု၊ ယုံကြည်စိတ်ချခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် တွေ့ဆုံမေးမြန်းမှု အစပိုင်းတွင် နိမ့်ကျလေ့ရှိသည်ကို သိထားရမည်။ ဖြေဆိုသူ၏ အလေးဂရုပြုမှုနှင့် စိတ်ဝင်စားမှုကို တဖြည်းဖြည်း မြှင့်တင်ပေးရန်နှင့် တွေ့ဆုံမေးမြန်းမှုပြုနေစဉ် တစ်လျှောက်တွင် ဖြစ်နိုင်သမျှ ဖြေဆိုသူ၏ ဖြေဆိုမှုပြုရာတွင်စိတ်ဝင်စားမှုကို အမြင့်ဆုံးအဆင့်တွင် ထိန်းသိမ်းထားရန်တို့မှာ စာရင်းကောက်များ၏ တာဝန်ဖြစ်သည်။ စစ်တမ်းတွင် စည်းဝါးကိုက်မှု၊ မေးခွန်းမေးစဉ် လေယူလေသိမ်း၊ မေးခွန်းဖော်ထုတ်ရာတွင် ပြည့်စုံလုံလောက်သော အမြန်နှုန်း၊ မေးခွန်းနှင့် ပတ်သက်သော ဗဟုသုတများနှင့် ယင်းတို့၏ အစီအစဉ်တို့သည် တွေ့ဆုံမေးမြန်းမှုတစ်ခု၏ အောင်မြင်မှုကို ဆုံးဖြတ်ပေးသော အခြေခံအကြောင်းရင်းများဖြစ်သည်။ အကယ်၍ စာရင်းကောက်သည် မေးခွန်းများကို အနိမ့်အမြင့်မရှိသော သို့မဟုတ် ထိတ်လန့်စိုးရိမ်သော လေသံဖြင့်

မေးပါက ဖြေဆိုသူသည် မောပန်းလာပြီး ဖြေကြားရာတွင် စိတ်ဝင်စားမှုလျော့နည်းလာမည်ဖြစ်၍ အရည်အသွေးညံ့သော အချက်အလက်များကိုသာ ရရှိပေလိမ့်မည်။

## တွေ့ဆုံမေးမြန်းခြင်

တွေ့ဆုံမေးမြန်းမှု စတင်သောအခါ အောက်ပါညွှန်ကြားချက်များကို တဆက်တည်း လိုက်နာရန် ကြိုးစားပါ-

၁) မေးမြန်းမှုအတွက် လုံလောက်သော အချိန်ရှိရန် စီမံထားပါ။

၂) မေးမြန်းစဉ်တလျှောက် လျော်ကန်အောင် ပြုမူဆောင်ရွက်ပါ။

၃) သင့်အနေဖြင့် မသေချာဟု ထင်မြင်ယူဆစရာ အချက်အလက်တခုကိုမျှ မမေးပါနှင့်။ မသေချာမှုဖြစ်ပေါ်မည်ဆိုပါက ယင်းကို အသိမပေးသည်က ပိုကောင်းပါသည်။ သို့သော် ဖြေဆိုသူအပေါ် ရိုးသားရပါမည်။

၄) ဖြေဆိုသူနှင့် ဆွေးနွေးစရာ၊ ငြင်းစရာဖြစ်လာမည့် မည်သည့်အပြောအဆို၊ သဘောထားမှန်သမျှကို ရှောင်ရှားပါ။ မိမိ၏ ပြောဆိုမှုအားလုံးကို စစ်တမ်းခေါင်းစဉ်၊ မေးခွန်းများအပေါ်တွင်သာ ကန့်သတ်ထားပါ။

၅) ဖြေဆိုသူအားစစ်တမ်းတွင် ပါဝင်ဖြေဆိုရန်အတွက် မည်သည့်ကိုမျှ မက်လုံးအဖြစ် ကတိမပေးပါနှင့်။

၆) အိမ်ထောင်စုဝင်များကို မသက်ဆိုင်သော အခြားသူများ၏ရှေ့တွင် တွေ့ဆုံမေးမြန်းခြင်း ကို ဖြစ်နိုင်သမျှ ရှောင်ရှားပါ။ ထိုသို့မေးမိပါက ဖြေဆိုသူသည် အခြားသူ၏ရှေ့တွင် မမှန်သော အဖြေကို ပေးနိုင်ပေသည်။

၇) ဖြေဆိုသူဖြေကြားသော မည်သည့်အဖြေကိုမျှ သင်၏လေယူလေသိမ်း၊ မူဟန်နှင့်ပင်အံ့ဩခြင်း၊ သရော်ခြင်း၊ ရယ်သွမ်းသွေးခြင်းတို့ကို မည်သို့မျှ မပြရ။

၈) မေးမြန်းစဉ်တွင် မေးခွန်းအစီအစဉ်၊ ပုံစံချထားမှုတို့ကို တစ်သဝေမတိမ်းလိုက်နာပါ။ တနည်းအားဖြင့် ပေးထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။ မေးခွန်းမေးစဉ်တွင် မည်သည့်ပြုပြင်သုံးနှုန်းခြင်းမဆိုသည် အချက်အလက်များ၏ အခြေခံတူညီခြင်းကို ထိခိုက်စေမည် ဖြစ်သည်။

၉) မေးခွန်းဖတ်သောအခါ ဖြေဆိုသူအား မည်သည့်နည်းနှင့်မျှ ဖိအားပေးခြင်းမျိုး မပြုလုပ်မိပါစေနှင့်။

၁၀) မည်သည့်အခါမျှ သင်သည် အဖြေအား ကြိုတင်သိရှိနေသည်ဟု မယူဆပါနှင့်။ ဘယ်သောအခါမျှ ဤကဲ့သို့သော (ကျွဲ/နွားတွေပိုင်တယ်မဟုတ်လား။) နိမိတ်ပြမေးခွန်းမျိုးမမေးမိပါစေနှင့်။

၁၁) တွေ့ဆုံမေးမြန်းစဉ် စည်းဝါးကိုက်နေစေရန်အတွက် ဤမေးမြန်းမှုတွင် မေးခွန်းများ၊ အဖြေများ၊ တခဏဆိတ်ငြိမ်ခြင်းနှင့် နားခြင်းတို့ပါဝင်သည်ကို မမေ့ပါနှင့်။ မေးခွန်းများဖတ်သောအခါ တစ်ချိန်လုံးတွင် စည်းချက်ညီညီနှင့် ဖတ်နိုင်အောင်ကြိုးစားပါ။ ဖြေဆိုသူအား အဖြေစဉ်းစားရန် အချိန်ပေးပါ။

၁၂) စာရင်းကောက်သူသည် မေးခွန်းအား မည်မျှမြန်မြန်ဖတ်ရမည်ကို ချင့်ချိန်နိုင်ရန် ဖြေဆိုသူမည်မျှ သဘောပေါက်သည်ကို ချင့်ချိန်သင့်သည်။ ထို့အပြင် စာရင်းကောက်သူသည် သူ ဖတ်ပြသော စကားလုံးတိုင်းကို ပီသစွာ အသံထွက်ရမည်။

၁၃) စာရင်းကောက်သူသည် မေးခွန်းများကို မေးခွန်းလွှာတွင် ရေးသားထားသည်နှင့်အညီ (ပြင်ဆင်ခြင်းမပြုဘဲ) ဝတ္တရားရှိသည့်အတိုင်း ဖတ်ပြရမည်။ အကယ်၍ ဖြေဆိုသူသည် မေးခွန်းကို နားမလည်ပါက နောက်တကြိမ် ထပ်ဖတ်ပြပါ။ ဖြေဆိုသူအား ဒုတိယအကြိမ် ဖတ်ပြသည့်တိုင် နားမလည်ပါက ဖြေဆိုသူအားမေးခွန်း၏ ရည်ရွယ်ချက်ကို သေသေချာချာရှင်းပြပါ။ ဖြေဆိုသူ၏ အဖြေအား အကျိုးသက်ရောက်နိုင်သော ၎င်းမေးခွန်း၏ မူလအဓိပ္ပာယ်ပေါ်တွင် မည်သည့်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းကိုမျှ မပြုလုပ်ပါနှင့်။

၁၄) ဖြေဆိုသူအား အဖြေပေးရန် လုံလောက်သော အချိန်ပေးပါ။ ဖြေဆိုသူသည် မေးခွန်း၏ မူလအဓိပ္ပာယ်ပေါ်တွင် မည်သည့်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ကိုမျှ မပြုလုပ်မိစေရပါ။

ဖြေဆိုသူအကျွမ်းတဝင်ရှိသော ဘာသာစကားဖြင့် တွေ့ဆုံမေးမြန်းမှုကို ပြုလုပ်သင့်သည်။

Score Card ကို ဖြည့်သွင်းရာတွင် အဖြေနှင့် တဆက်တစပ်တည်း ပေးမှတ် နှစ်ခုလုံးကို ကွင်းဝိုင်းရမည်။ ရမှတ် စာတိုင်တွင် ရမှတ်ကို ရေးထည့်ရမည်။ ရွေးချယ်ထားသော အဖြေကို အမှန်ခြစ်ဖြင့် မဖော်ပြရပါ။ အဘယ်ကြောင့်ဆိုသော် အလွယ်တကူ အမှားဖြစ်စေပြီး အခြားသော အတန်းများမှ ပေးမှတ်ကို မှားယွင်းထည့်သွင်းမိနိုင်သောကြောင့် ဖြစ်သည်။

## တွေ့ဆုံမေးမြန်းမှု အဆုံးသတ်ခြင်

တွေ့ဆုံမေးမြန်းမှု ပြီးဆုံးသောအခါ မေးခွန်းကျန်ရစ်ခဲ့ခြင်း၊ မှားယွင်းစွာ ရေးသွင်းထားခြင်းတို့ မရှိစေရန် ဂရုစိုက်စစ်ဆေးပါ။ အကယ်၍ ကျန်ရစ်ခဲ့ခြင်း၊ မှားယွင်းရေးသွင်းထားခြင်းတို့ကို တွေ့ပါက ဖြေဆိုသူရှိနေသည့်အခါ ပြည့်စုံမှန်ကန်အောင်ပြင်ပါ။ ကြီးကြပ်သူမှ မေးခွန်းလွှာအား စစ်ဆေးမည်ကို မမေ့ပါနှင့်။ မေးခွန်းကျန်ရစ်ခဲ့ခြင်း၊ မှားယွင်းစွာရေးသွင်းထားခြင်းတို့အတွက် စာရင်းကောက်သူသည် ကျန်ရစ်သည်များ ရေးသွင်းရန်နှင့် အမှားပြင်ရန် နမူနာအိမ်ထောင်စုသို့ နောက်တခေါက် ထပ်သွားရမည်ဖြစ်သည်။
မေးမြန်းမှုအားလုံး ပြီးဆုံးသွားသောအခါ အိမ်ထောင်စုဝင်များအား စစ်တမ်းတွင် ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ပေးသောအချိန်နှင့် ဖြေကြားပေးသော အချက်အလက်များအတွက် ကျေးဇူးတင်စကားပြောကြားပါ။ ပထမအကြိမ်လာရောက်စစ်တမ်းကောက်ခြင်းမှ အိမ်ထောင်စုများ၏ ထင်မြင်ချက်ကောင်း ရရှိရန် ကြိုးစားပါ။ နောက်တကြိမ် စစ်တမ်းကောက်ရန် ထပ်လာရမည်ကို မမေ့ပါနှင့်။
စာရင်းကောက်များမှ ဖြေဆိုသူများကို မေးခွန်းမိတ္တူ၊ ဖြန့်ဝေခွင့်မပြုထားသော မည်သည့် စစ်တမ်းသုံးပစ္စည်းမျိုးကိုမဆို မပေးပါနှင့်။

ရရှိလာသော အဖြေများကိုနှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် မေးခွန်းလွှာ၏ နေရာတိုင်းတွင် စာရင်းကောက်များက တူညီသောနည်းလမ်းနှင့် ဖြေဆို ရေးသွင်းရန် အရေးကြီးလှသည်။ ကွင်းမဆင်းမီ စာရင်းကောက်များသည် မေးခွန်းလွှာအား ရင်းနှီးကျွမ်းဝင်နေရမည်ဖြစ်ပြီး ယင်းကို မည်သို့စီမံရမည်ကို စေ့စေ့စပ်စပ်ပြင်ဆင်ထားရမည်။ (ဤအချက် အောင်မြင်စေရန် တွေ့ဆုံမေးမြန်းမှု ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ထားရန်လိုအပ်မည်။)

မေးခွန်းတစ်ဆယ်ခုလုံးကို ဖြေဆိုမှသာလျှင် ရမှတ်များကို တွက်ချက်နိုင်မည်။ ထို့ကြောင့် Scorecard တွင်ဖော်ပြထားသော တိုင်းတာသည့်အညွှန်းကိန်း(မေးခွန်း) အားလုံးကိုဖြေဆိုရပါမည်။ အကယ်၍ဖြေဆိုသူက မေးခွန်းတစ်ခုကိုမဖြေနိုင်ခဲ့လျှင် ၎င်းအိမ်ထောင်စုဝင် အခြားသော အရွယ်ရောက်ပြီးသူတစ်ဦးဦးကို မေးရမည်။ အကယ်၍ အခြားရွေးချယ်ရန်နည်းလမ်းမရှိပါက တွေ့ဆုံမေးမြန်းမှုကို ရပ်ရပါမည်။ ၎င်းမေးခွန်းလွှာ ပေါ်တွင် ‘အဖြေမရရှိသောကြောင့် ရပ်ဆိုင်းပါသည်’ ဟု မှတ်ချက်ရေးကာ အခြားပြည့်စုံစွာ ဖြေဆိုထားသော Scorecard များနှင့် ပူးတွဲတင်ပြရပါမည်။

Scorecard ၏ထိပ်ဆုံးတွင်ပါရှိသော အိမ်ထောင်စုမေးခွန်းလွှာတည်နေရာပြအချက်အလက်များကို ပြည့်စုံစွာဖြည့်သွင်းထားခြင်းရှိ၊ မရှိကို အိမ်မှမထွက် ခွာမီ သေချာစွာစစ်ဆေးရပါမည်။

## ဖော်ပြထားသော တိုင်းတာသည့်အညွှန်းကိန်း(မေးခွန်း)များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း အထွေထွေလမ်းညွှန်ချက်များ

အကယ်၍အထွေထွေလမ်းညွှန်ချက်များသည် တွေ့ကြုံနေသောပြဿနာကို အလုံးစုံ မဖြေရှင်း နိုင်သည့်အခါမှသာ စာရင်းကောက် သူနှင့်ဖြေဆိုသူနှစ်ဦး ပူးပေါင်းပြီး သူတို့နှစ်ဦး၏ အတွေ့အကြုံ၊ ဗဟုသုတ၊ ဖြတ်ထိုးညဏ်နှင့် ဆုံးဖြတ်မှုတို့ဖြင့် ဖြေရှင်းကျော်လွှား နိုင်ပါသည်။ အထူးသဖြင့် မေးခွန်းများ သို့မဟုတ် အဖြေများနှင့် ပတ်သက်၍ အထွေထွေ လမ်းညွှန်ချက်များတွင် ဖော်ပြထား သည်များမှအပ အခြားသော မည်သည့်လမ်းညွှန်ချက် သို့မဟုတ် စည်းမျဉ်း စည်းကမ်းများကို စစ်တမ်းကောက်သည့် အဖွဲ့အစည်းသည် စာရင်းကောက်သူကို မပေးရပါ။

### (၁) သင်တို့အိမ်ထောင်စုတွင် အိမ်ထောင်စုဝင်ဘယ်နှစ်ဦးရှိပါသလဲ။

IHLCA ၂၀၀၉ - ၂၀၁၀ စစ်တမ်းတွင် အိမ်ထောင်စုဝင်ဆိုသည်မှာ နေအိမ်တွင် အတူနေထိုင်စားသောက်ပြီး သက်ဆိုင်သော စရိတ် များကိုလည်း အတူကျခံသူများဖြစ်ပါသည်။ ဤအိမ်ကို သူတို့၏အမြဲတမ်းနေအိမ်အဖြစ် ယူဆနိုင်သော အဝေးတွင်သွားရောက်ပညာ သင်ကြားနေသူ သို့မဟုတ် အလုပ်လုပ်နေသူများ ပါဝင်ပါသည်။ သင်တို့နှင့် အမျိုးမတော်သော်လည်း အတူနေထိုင်စားသောက်ပြီး သက်ဆိုင်သောစရိတ်များကိုလည်း အတူကျခံသူများ များပါဝင်ပါသည်။

အိမ်ထောင်စုဝင်အားလုံး၏ စာရင်းအပြည့်အစုံကိုပြုစုဖို့ရန် စာရင်းကောက်သူကို ညွှန်ကြားထားပါသည်။ အထက်ဖော်ပြပါအပိုဒ်တွင် ပါရှိသော အိမ်ထောင်စုဝင်၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို စကားလုံးတစ်လုံးခြင်း ရှင်းပြဖို့လည်းညွှန်ကြားထားပါသည်။ စာရင်းကောက်သူသည် အတိအကျလိုက်နာရပါမည်။

လူတစ်ဦးသည် တစ်ချိန်တည်းတွင် အိမ်ထောင်စုနှစ်စု၏ အိမ်ထောင်စုဝင် မဖြစ်နိုင်သည်ကို သတိရပါ။

စာရင်းကောက်လက်စွဲစာမျက်နှာ ၂၄အရ အိမ်ထောင်စုရှိကလေးသူငယ်များအားလုံးမကျန်ရစ်ခဲ့ရန် အထူးသတိထားရမည်။သေဆုံးခဲ့သူများကိုလည်း မထည့်ပါနှင့်။

IHLCA Technical Committee က ပြောသည်မှာ အိမ်ထောင်စု ၏ပြင်ပတွင် အချိန်ပိုင်း သို့မဟုတ် အချိန်ပြည့် နေထိုင်သော်လည်း ဤအိမ်ကို သူတို့၏ အမြဲတမ်းနေအိမ်အဖြစ် ယူဆပြီး အိမ်ထောင်စု အသုံးစရိတ်အား ထည့်ဝင်နေသေးသူကို အိမ်ထောင်စုဝင် အဖြစ် သတ်မှတ်နိုင်သည်။ အကယ်၍ ထိုသူသည် အိမ်ထောင်စု အသုံးစရိတ် အားထည့်ဝင်ခြင်း မပြုတော့လျှင် အိမ်ထောင်စုဝင်အဖြစ်မသတ်မှတ်နိုင်ပါ။

အိမ်ထောင်စုဝင် - နေအိမ်တခုတည်းတွင် အမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ အတူတကွနေထိုင်စားသောက်ကြသောသူများ အားလုံးပါဝင်သည်။ ဤဘက်စုံလေ့လာမှုစစ်တမ်းတွင် နေစရာနှင့်စားစရာပေးထားရသော အိမ်မှုကိစ္စလုပ်သောအလုပ်သမားများနှင့် အတူစားသောလခပေးနေသူများကို အိမ်ထောင်စုဝင်အဖြစ် မှတ်ယူထားသည်။ ခေတ္တခဏလာရောက်ထည်းခိုသူများနှင့် အတူမစားသောလခပေးနေသူများကို အိမ်ထောင်စုဝင်မှတ်ယူရန် မလိုသည့်အလျောက် စစ်တမ်းတွင် ပါဝင်ရန်မလိုပေ။ အောက်ဖော်ပြပါဇယားတွင် အိမ်ထောင်စုဝင်အဖြစ် ထည့်ရမည့်သူများနှင့်မထည့်ရမည့်သူများကို အသေးစိတ်စာရင်း ပြုစုထားသည်။

ဇယား(၁) - အိမ်ထောင်စုဝင်နှင့် အိမ်ထောင်စုဝင်မဟုတ်သောသူအမျိုးအစားများ

| အိမ်ထောင်စုဝင်များ | အိမ်ထောင်စုဝင် မဟုတ်သူများ |
|---|---|
| အိမ်ထောင်ဦးစီး | သေဆုံးခဲ့သူများ |
| ကလေးသူငယ်များ | |
| အိမ်ထောင်စုတွင် အမြဲတမ်းနေထိုင်ရန်အတွက် စစ်မှုထမ်းရာမှ အနားယူလိုက်သူများ၊ အိမ်ထောင်ကျ၍ ရောက်လာသောသူများနှင့် အလုပ်အကိုင်ပြောင်းရွှေ့လာသူများ | လွန်ခဲ့သောနှစ်က အိမ်ထောင်စုတွင် နေထိုင်ခဲ့သော်လည်း ယခုအခါ အိမ်ထောင်ပြုခြင်း စသော အကြောင်းကြောင်းကြောင့် တခြားအိမ်ထောင်စု တစ်ခုတွင် အိမ်ထောင်စုဝင် ဖြစ်သွားသူများ |
| အိမ်တွင်လက်ရှိ မနေသော်လည်း တခြားအိမ်ထောင်စုတွင်လည်း အိမ်ထောင်စုဝင်မဟုတ်သည့် မိမိအိမ်ထောင်စုမှ ထောက်ပံ့ထားရသော ကျောင်းသား/သူများ | စစ်တပ်၊ ရဲစသော လက်နက်ကိုင်အဖွဲ့အစည်းသို့ ဝင်သွားသူများ |
| အိမ်ထောင်ဦးစီးနှင့် အမျိုးတော်စပ်ပြီး သူတို့၏ အလုပ်အကိုင် လိုအပ်ချက်အရ အိမ်ထောင်စု၏ ပြင်ပတွင် ကာလရှည်ကြာစွာ နေထိုင်သော်လည်း အိမ်ထောင်စုအား သူတို့၏အမြဲတမ်း နေအိမ်အဖြစ်ယူဆပြီး အိမ်ထောင်စုအသုံးစရိတ်အား ထည့်ဝင်သူများ (သို့သော် အခြားအိမ်ထောင်စုတစ်ခုတွင် မပါဝင် ရပါ) | ဧည့်သည်များနှင့် အိမ်ထောင်စုဝင် အဓိပ္ပာယ် သတ်မှတ်ချက်တွင် မပါဝင်သော အခြားသူများ |
| နေအိမ်တွင်အတူနေထိုင်စားသောက်ပြီး အိမ်ထောင်စုနှင့် သက်ဆိုင်သော စရိတ်များကိုလည်း အတူကျခံပြီး အိမ်ထောင်ဦးစီးနှင့် အမျိုးမတော်စပ်သောအခြားသူများ (ဥပမာ-အိမ်မှုကိစ္စ လုပ်သော အလုပ်အမားများ၊ အတူစားသော လခပေးနေရသူများနှင့် အမျိုးမတော်စပ်သူများ---စသည်) | နေအိမ်တွင် အတူမနေဘဲ အခြားအိမ်ထောင်စုဝင်ဖြစ်နေသော အလုပ်သမားများ၊ အိမ်ငှားနေထိုင်သူများ |

IHLCA Technical Committee က ပြောသည်မှာ စစ်တမ်းကောက်ယူချိန်တွင် ဘုန်းကြီးကျောင်း၌ သက်န်းဝတ်နေသော အိမ်ထောင်စုဝင် တစ်ဦးဦးသည် သတ်မှတ်ကာလအတွင်း လူပြန်လဲပြီး အိမ်ထောင်စုအတွင်းပြန်ဝင်လာမည်ဆိုပါက ၎င်းကိုထောက်ပံ့မှုပေးရသည်ဖြစ်စေ၊ မပေးရသည်ဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးအဖြစ်ရေတွက်ရမည်။

**(၂) သင်တို့ အိမ်ထောင်စု၏ အမျိုးသမီးအိမ်ထောင်ဦးစီး (သို့) အိမ်ထောင်ဦးစီး၏ ဇနီးသည် အမြင့်ဆုံး ဘယ်နှစ်တန်းအောင်ခဲ့ပါသလဲ။**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၁၂ အရ အိမ်ထောင်ဦးစီး ဆိုသည်မှာ အိမ်ထောင်စုနေထိုင်စားသောက်မှုအတွက် လိုအပ်သော ဝင်ငွေရရှိရန် အဓိကအားဖြင့် တာဝန်ရှိသည်။ အိမ်ထောင်ဦးစီးကို အိမ်ထောင်စု နေထိုင်စားသောက်မှုကို ထည့်မစဉ်းစားဘဲ အသက်ကြီးသူကို အိမ်ထောင်ဦးစီးအဖြစ် မှတ်ယူသည့် ကိစ္စမျိုးလည်းရှိနိုင်သည်။ အကယ်၍ အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ထားသောသူ သေဆုံးသည်ကို တွေ့ရှိပါက ဖြေဆိုသူကို လက်ရှိအိမ်ထောင်စုအတွက် တာဝန်ယူထားသော အိမ်ထောင်စုဝင်ကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ပေးရန် ပြောကြားပါ။

၌ poverty score card အမှတ်ပေး ပုံစံတွင်  " အမျိုးသမီး အိမ်ထောင်ဦးစီး / အိမ်ထောင်ဦးစီး၏ ဇနီး ” ကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုသည်။

- အိမ်ထောင်ဦးစီး (အမျိုးသမီးသည် အိမ်ထောင်ဦးစီး ဖြစ်ပါက)
- အိမ်ထောင်ဖက်ဇနီး (အမျိုးသားသည် အိမ်ထောင်ဦးစီး ဖြစ်ပါက)
- မရှိပါ (အထက်ပါ အချက် နှစ်ခုလုံးနှင့် မကိုက်ညီပါက)

**(၃) အိပ်ခန်း၊ဧည့်ခန်း နှင့် စီးပွားရေးအတွက် သုံးသော အခန်းများအပါအဝင် အခန်းဘယ်နှစ်ခန်း ကို သင့်အိမ်ထောင်စုက သုံးပါသလဲ။ (မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊လသာဆောင်နှင့် စင်္ကြံန်လမ်းကို ထည့်မတွက်ပါနှင့်)။**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၂၈ အရ အခန်းအရေအတွက်ကို မေးပါ။ ဖြစ်နိုင်ပါက အခန်းအရေအတွက်ကို ရေတွက်ပါ။ အိမ်သာ၊ မီးဖိုခန်း၊ လသာဆောင်၊ ဧည့်ခန်းတို့ကို ထည့်သွင်းမရေတွက်ပါနှင့်။ IHLCA Technical Committee က ပြောသည်မှာ အခန်းဆိုသည်မှာ လိုက်ကာ၊ ဗီဒို သို့မဟုတ် အခြားအကာအရံတစ်ခုခု ဖြင့်ကာရံထားသည် ဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။ အလေးဒါဏ်ခံနိုင်သော အသေတပ်ဆင်ထားသော အကာအရံများဖြင့် ကာရံထားရမည်ဟု မဆိုလိုပါ။ အခန်းတစ်ခုစီတွင် သီးခြားရည်ရွယ်ချက်ရှိရပါမည်။ (ဥပမာ - ဧည့်ခန်းနှင့် အိပ်ခန်း ကွဲပြားမှု၊ သို့မဟုတ် ကလေးများ၏ အိပ်ခန်းနှင့် မိဘအိပ်ခန်း ကွဲပြားမှု)

IHLCA Technical Committee အရ အခန်းဆိုသည်မှာ လူသုံးစွဲသော မည်သည့်အခန်းကိုမဆို ဆိုလိုသည်။ ကောက်ပဲသီးနှံ သို့မဟုတ် စပါးအိတ်များ သိုလှောင်ထားသော သီးခြားအဆောက်အဦးကို ဖြစ်စေ၊ အိမ်မကြီး၏ အစိတ်အပိုင်းကို ဖြစ်စေ အခန်းဟု သတ်မှတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စု၏ စီးပွားရေးအတွက် သုံးသောကြောင့်ဖြစ်ပါသည်။

IHLCA Technical Committee ကပြောသည်မှာ ဘုရားခန်းသီးခြား ရှိပါက ၎င်းဘုရားခန်းကို အခန်းအဖြစ် ထည့်သွင်းရေတွက်သည်။ ဥပမာ - ဧည့်ခန်းနံရံတွင် နံကပ်ဘုရားစင်များကို ထည့်သွင်း မရေတွက်ပါ။ ၎င်းကို ဧည့်ခန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ ရေတွက်ပါသည်။ အကယ်၍ အိမ်ထောင်စု နှစ်စု သို့မဟုတ် နှစ်စုထက်ပိုသော အိမ်ထောင်စုသည် အိမ်တစ်လုံးကို မျှဝေသုံးစွဲပါက အခန်းတစ်ခုစီကို အဓိကအသုံးပြုသော အိမ်ထောင်စု၏ အခန်းအဖြစ် ရေတွက်ရမည်။ ဥပမာ - အိမ်ထောင်စု အေ နှင့် ဘီ အိမ်တစ်လုံးတွင် အတူ နေထိုင်သည် ဆိုပါစို့။ အေသည် ပထမအိပ်ခန်းကို သီးသန့်သုံးပြီး ဘီသည် ဒုတိယအိပ်ခန်းကို သီးသန့်သုံးစွဲ၍ ဧည့်ခန်းကို နှစ်ဦးစလုံးသုံးစွဲသည်။ ဤအခြေအနေတွင် အေ သည် ဧည့်ခန်းကို အဓိက သုံးစွဲသူဖြစ်သည်။ ထို့ကြောင့် အေကို ဧည့်ခန်းနှင့် အိပ်ခန်း နှစ်ခုစလုံးပိုင်ဆိုင်သူ ဟု သတ်မှတ်ရမည်ဖြစ်ပြီး ဘီကို အိပ်ခန်းတစ်ခုသာ ပိုင်ဆိုင်သူဟု သတ်မှတ်ရမည် ဖြစ်သည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၁၂ အရ နေအိမ်သည် နံရံနှင့် အမိုးများပါပြီး အခြားအိမ်(များ)နှင့် သီးခြားဝင်ပေါက်တစ်ခုနှင့် ခွဲခြားဖွဲ့စည်းထားလျက် လူတစ်ဦး(သို့မဟုတ်) တစ်ဦးမကသောလူများ (သို့မဟုတ်) အိမ်ထောင်စု (များ) နေထိုင်ရာ (သို့မဟုတ်) နေထိုင်ရန်ရည်ရွယ်ထားသော နေရာတစ်ခုဖြစ်သည်။ ဖွဲ့စည်းမှုသည် မူလက အိမ်အတွက် ရည်ရွယ်ခဲ့ခြင်းမဟုတ်ခဲ့သော်လည်း လူများနေထိုင်နေပါက မည်သည့်ဆောက်လုပ်ရာတွင် သုံးထားသော ပစ္စည်းနှင့် အဆောက်အဦး အမျိုးအစားကိုမဆို နေအိမ်အဖြစ် ထည့်သွင်းစဉ်းစားသင့်သည်။ နေအိမ်တစ်ခုသည် အိမ်၊တိုက်ခန်း၊ အခန်းတစ်ခန်း( သို့မဟုတ်) အခန်းများ၊ တိုက်ပုကလေးတို့မှ တဲအဆုံးနေထိုင်ရန်လိုအပ်သော ပစ္စည်းများရှိသော မည်သည့် အဆောက်အအုံမျိုးမဆို ဖြစ်နိုင်သည်။ အဆောက်အဦးတစ်ခု၌ တခါတရံ နေအိမ်တစ်ခုထက်မက ရှိနိုင်သည်။ ထိုအခါ နေအိမ်တစ်ခုအတွက် သီးခြားဝင်ပေါက်ရှိရန်လိုသည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၂၈ အရ အခန်းအရေအတွက်ကိုမေးပါ။ ဖြစ်နိုင်ပါက မိမိဖာသာ အခန်းအရေအတွက်ကို ရေတွက်ပါ။ အိမ်သာ၊မီးဖိုခန်း၊ လသာဆောင်၊ စင်္ကြန်လမ်းတို့ကို ထည့်သွင်းမရေတွက်ပါနှင့်။

**(၄) သင်တို့ နေအိမ် ကြမ်းခင်းတွင် အဓိကသုံးသော ပစ္စည်းဟာ ဘာပါလဲ။(မျက်မြင်အား ဖြင့် ဆုံးဖြတ်ပါ)**

IHLCA Technical Committee အရ နေအိမ် ကြမ်းခင်းတွင် အဓိက သုံးသော ပစ္စည်းဆိုသည်မှာ ကြမ်းခင်း ဧရိယာအများဆုံးတွင် သုံးထားသော ပစ္စည်းကို ဆိုလိုသည်။ ဥပမာ ကြမ်းခင်း ဧရိယာ၏ ၂၀% သည် ဝါး၊ ၃၅%သည် မြေကြီး၊ ၄၅% ပျဉ်ကြမ်းခင်းဆိုပါက ပျဉ်ကြမ်းခင်းသည် အဓိက သုံးသော ပစ္စည်းဖြစ်သည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၁၂ အရ နေအိမ်သည် နံရံနှင့် အမိုးများပါပြီး အခြားအိမ်(များ)နှင့် သီးခြားဝင်ပေါက်တစ်ခုနှင့် ခွဲခြားဖွဲ့စည်းထားလျက် လူတစ်ဦး(သို့မဟုတ်) တစ်ဦးမကသောလူများ (သို့မဟုတ်) အိမ်ထောင်စု (များ) နေထိုင်ရာ (သို့မဟုတ်) နေထိုင်ရန်ရည်ရွယ်ထားသော နေရာတစ်ခုဖြစ်သည်။ ဖွဲ့စည်းမှုသည် မူလက အိမ်အတွက် ရည်ရွယ်ခဲ့ခြင်းမဟုတ်ခဲ့သော်လည်း လူများနေထိုင်နေပါက မည်သည့်ဆောက်လုပ်ရာတွင် သုံးထားသော ပစ္စည်းနှင့် အဆောက်အဦး အမျိုးအစားကိုမဆို နေအိမ်အဖြစ် ထည့်သွင်းစဉ်းစားသင့်သည်။ နေအိမ်တစ်ခုသည် အိမ်၊တိုက်ခန်း၊ အခန်းတစ်ခန်း( သို့မဟုတ်) အခန်းများ၊ တိုက်ပုကလေးတို့မှ တဲအဆုံးနေထိုင်ရန်လိုအပ်သော ပစ္စည်းများရှိသော မည်သည့် အဆောက်အအုံမျိုးမဆို ဖြစ်နိုင်သည်။ အဆောက်အဦးတစ်ခု၌ တခါတရံ နေအိမ်တစ်ခုထက်မက ရှိနိုင်သည်။ ထိုအခါ နေအိမ်တစ်ခုအတွက် သီးခြားဝင်ပေါက်ရှိရန်လိုသည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၂၇ အရ သင့်ဖာသာ လေ့လာပြီး သက်ဆိုင်ရာ သင်္ကေတကို ဝိုင်းပါ။

**(၅) သင်တို့ နေအိမ် အပြင်နံရံတွင် အဓိကသုံးသော ပစ္စည်းဟာ  ဘာပါလဲ။(မျက်မြင်အားဖြင့် ဆုံးဖြတ်ပါ)**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၁၂ အရ နေအိမ်သည် နံရံနှင့် အမိုးများပါပြီး အခြားအိမ်(များ)နှင့် သီးခြားဝင်ပေါက်တစ်ခုနှင့် ခွဲခြားဖွဲ့စည်းထားလျက် လူတစ်ဦး(သို့မဟုတ်) တစ်ဦးမကသောလူများ (သို့မဟုတ်) အိမ်ထောင်စု (များ) နေထိုင်ရာ (သို့မဟုတ်) နေထိုင်ရန်ရည်ရွယ်ထားသော နေရာတစ်ခုဖြစ်သည်။ ဖွဲ့စည်းမှုသည် မူလက အိမ်အတွက် ရည်ရွယ်ခဲ့ခြင်းမဟုတ်ခဲ့သော်လည်း လူများနေထိုင်နေပါက မည်သည့်ဆောက်လုပ်ရာတွင် သုံးထားသော ပစ္စည်းနှင့် အဆောက်အဦး အမျိုးအစားကိုမဆို နေအိမ်အဖြစ် ထည့်သွင်းစဉ်းစားသင့်သည်။ နေအိမ်တစ်ခုသည် အိမ်၊တိုက်ခန်း၊ အခန်းတစ်ခန်း( သို့မဟုတ်) အခန်းများ၊ တိုက်ပုကလေးတို့မှ တဲအဆုံးနေထိုင်ရန်လိုအပ်သော ပစ္စည်းများရှိသော မည်သည့် အဆောက်အအုံမျိုးမဆို ဖြစ်နိုင်သည်။ အဆောက်အဦးတစ်ခု၌ တခါတရံ နေအိမ်တစ်ခုထက်မက ရှိနိုင်သည်။ ထိုအခါ နေအိမ်တစ်ခုအတွက် သီးခြားဝင်ပေါက်ရှိရန်လိုသည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၂၇ အရ သင့်ဖာသာ လေ့လာပြီး သက်ဆိုင်ရာ သင်္ကေတကို ဝိုင်းပါ။

**(၆) သင်တို့အိမ်ထောင်စုက ချက်ပြုတ်ရာမှာ ဘယ်လို မီးဖိုမျိုးကို အများဆုံးသုံးပါသလဲ။**

IHLCA ၏ အဆိုအရ လဟာပြင်မီးဖိုဆိုသည်မှာ အုတ်ခဲသုံးလုံး ဖိုခနောက်ဆိုင်ပေါ်တွင် ချက်ပြုတ်သည့်အိုးကို တင်၍ အိမ်ပြင်ပတွင် ချက်ပြုတ်ခြင်းဖြစ်သည်။ (မီးဖိုချောင်တွင်မဟုတ်) ၎င်းနှင့်ဆန့်ကျင်၍ အကာအကွယ်မဲ့မီးဖိုဆိုသည်မှာ အုတ်ခဲသုံးလုံး ဖိုခနောက်ဆိုင်ပေါ်တွင် ချက်ပြုတ်သည့်အိုးကိုတင်၍ အိမ်တွင်း(သို့) မီးဖိုချောင်၌ ချက်ပြုတ်ခြင်းဖြစ်သည်။ "စပါးခွံ မီးဖို" ဆိုသည်မှာ စပါးခွံဖြင့် မီးလောင်နိုင်ရန် သီးသန့်ရည်ရွယ် ပုံစံထုတ်ထားသော မီးဖိုဖြစ်သည်။ ရိုးရာအကာအကွယ်ရှိမီးဖို ဆိုသည်မှာ မြေကြီး၊ ရွှံ့၊ အင်္ဂတေ တို့ဖြင့် အထိုင်ချပြီး အိုးတင်ရန် အပေါက်ဝပါရှိကာ ပြာထုတ်ပေါက်ရှိပြီး ၎င်းအပေါက်မှ ထင်းကိုထည့်၍ အသုံးပြုသည့်မီးဖိုဖြစ်သည်။ "A1 တီထွင်ထားသည့် မီးဖိုနှင့် အခြားတီထွင်ထားသည့် မီးဖို” ဆိုသည်မှာ ထင်းချောင်းတစ်ချောင်းတည်းကိုသာ အသုံးပြု၍ လုံလောက်သည့်အပူကို ရရှိစေရန် ပုံစံထုတ်ထားသည့် လေလုံမီးဖိုမျိုးဖြစ်သည်။

**(၇) သင်တို့ အိမ်ထောင်စု ကြောင်အိမ် (သို့) ဘီဒိုပိုင်/ သုံးနိုင်ပါသလား။ (တခြားသူထံငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်)။**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၄၆ အရ အိမ်ထောင်စုဝင် တစ်ဦးဦးသည် ပစ္စည်းကို ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်သော်လည်းသုံးပိုင်ခွင့် ရှိသည်ဖြစ်စေ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ သုံးပိုင်ခွင့်ဆိုရာတွင် ပိုင်သည်ဖြစ်စေ၊ ငှားရမ်းသုံးစွဲသည်ဖြစ်စေ၊ နှစ်မျိုးစလုံး အကျုံးဝင်သည်။ အခြားသို့ ငှား(သို့) ပေါင်ထားသော ပစ္စည်းကိုလည်း ထည့်သွင်းကောက်ယူရမည်။ ၎င်းပစ္စည်းမှာ လောလောဆယ် လက်ဝယ် မရှိသော်လည်း အိမ်ထောင်စု၏ ပိုင်ဆိုင်သော ပစ္စည်းပင်ဖြစ်သည်။

ထို့ပြင်အိမ်ထောင်စုလက်ဝယ်ရှိနေသော ပစ္စည်းသည် ငှားရုံငှားထားသည်ဖြစ်စေ၊ အကြွေးဖြင့် ဝယ်ထားသည်ဖြစ်စေ ထည့်သွင်းကောက်ယူမည်ဖြစ်သည်။

သို့ရာတွင် ရုပ်မြင်သံကြားကို အိမ်နီးနားချင်း အိမ်တွင် ကြည့်နိုင်သည်ကို ပိုင်/သုံးနိုင် သည်ဟု မကောက်ယူရန်၊ ကြိုးဖုန်းကို အိမ်ပြင်ပတစ်နေရာရာတွင် လမ်းလျှောက်သွား၍ ဆက်သွယ်သုံးစွဲနိုင်သည်ကိုလဲ ပိုင်/သုံးနိုင်သည်ဟု မကောက်ယူရန် ဖြစ်သည်။ အချုပ်ဆိုရလျှင် ပစ္စည်းကို ပိုင်ဆိုင်လျှင် (လက်ဝယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ထည့်သွင်းတွက်ချက်မည်။ လက်ဝယ်ရှိပါက (မပိုင်လျှင်လည်း) ထည့်သွင်းတွက်ချက်မည်။ ပိုင်သည်ဖြစ်စေ၊ လက်ဝယ်ရှိသည်ဖြစ်စေ ထည့်သွင်းတွက်ချက်မည်။ IHLCA Technical Committee က ပြောရာတွင် ဤမေးခွန်းတွင် ပျက်စီးနေသော သုံးမရတော့သည့် ကြောင်အိမ်/ဘီဒိုကိုမူ ထည့်သွင်းတွက်ချက်မှု မပြုရန်ဖြစ်သည်။ ဤအချက်သည် စာရင်းကောက်သူများ သိရှိနားလည်နှင့်ပြီးဖြစ်သည်ဟု မှတ်ယူပေသည်။

အကယ်၍ အိမ်ထောင်စုသည် ကြောင်အိမ် (သို့) ဘီဒို တစ်ခုကိုမျှ မပိုင်ဆိုင်ပါက (သို့) လက်ဝယ်မရှိပါက "မပိုင်/မသုံးနိုင်" ဟု (က)၌ မှတ်သားရမည်။
အကယ်၍ အိမ်ထောင်စုသည် ကြောင်အိမ် (သို့) ဘီဒိုတစ်ခုခုကို ပိုင်ဆိုင်ပါက (သို့) လက်ဝယ်ရှိပါက "တစ်ခုပိုင်/သုံးနိုင်" ဟု (ခ)၌ မှတ်သားရမည်။
အကယ်၍ အိမ်ထောင်စုသည် ကြောင်အိမ် နှင့် ဘီဒိုနှစ်ခုစလုံးကို ပိုင်ဆိုင်ပါက "နှစ်ခုလုံးပိုင်/သုံးနိုင်" ဟု (ဂ) ၌ မှတ်သားရမည်။
IHLCA Technical Committee ကပြောသည်မှာ အိမ်ထောင်စုသည် ဘီဒိုပိုင်ဆိုင်ပြီး ၎င်းဘီဒိုကို ကြောင်အိမ်အဖြစ် အသုံးပြုပါက "နှစ်ခုလုံးပိုင်/သုံးနိုင်" ဟု (ဂ) ၌ မှတ်သားရမည်။

**(၈) သင်တို့အိမ်ထောင်စု အဖြူအမဲ ရုပ်မြင်သံကြား (သို့) ရောင်စုံ ရုပ်မြင်သံကြားစက် ပိုင်/သုံးနိုင်ပါသလား၊ (တခြားသူထံငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်)။**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၄၆ အရ အိမ်ထောင်စုဝင် တစ်ဦးဦးသည် ပစ္စည်းကို ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်သော်လည်းသုံးပိုင်ခွင့် ရှိသည်ဖြစ်စေ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ သုံးပိုင်ခွင့်ဆိုရာတွင် ပိုင်သည်ဖြစ်စေ၊ ငှားရမ်းသုံးစွဲသည်ဖြစ်စေ၊ နှစ်မျိုးစလုံး အကျုံးဝင်သည်။ အခြားသို့ ငှား(သို့) ပေါင်ထားသော ပစ္စည်းကိုလည်း ထည့်သွင်းကောက်ယူရမည်။ ၎င်းပစ္စည်းမှာ လောလောဆယ် လက်ဝယ် မရှိသော်လည်း အိမ်ထောင်စု၏ ပိုင်ဆိုင်သော ပစ္စည်းပင်ဖြစ်သည်။
ထို့ပြင်အိမ်ထောင်စုလက်ဝယ်ရှိနေသော ပစ္စည်းသည် ငှားရုံငှားထားသည်ဖြစ်စေ၊ အကြွေးဖြင့် ဝယ်ထားသည်ဖြစ်စေ ထည့်သွင်းကောက်ယူမည်ဖြစ်သည်။

သို့ရာတွင် ရုပ်မြင်သံကြားကို အိမ်နီးနားချင်း အိမ်တွင် ကြည့်နိုင်သည်ကို ပိုင်/သုံးနိုင် သည်ဟု မကောက်ယူရန်၊ ကြိုးဖုန်းကို အိမ်ပြင်ပတနေရာရာတွင် လမ်းလျှောက်သွား၍ ဆက်သွယ်သုံးစွဲနိုင်သည်ကိုလဲ ပိုင်/သုံးနိုင်သည်ဟု မကောက်ယူရန် ဖြစ်သည်။ အချုပ်ဆိုရလျှင် ပစ္စည်းကို ပိုင်ဆိုင်လျှင် (လက်ဝယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ထည့်သွင်းတွက်ချက်မည်။ လက်ဝယ်ရှိပါက (မပိုင်လျှင်လည်း) ထည့်သွင်းတွက်ချက်မည်။ ပိုင်သည်ဖြစ်စေ၊ လက်ဝယ်ရှိသည်ဖြစ်စေ ထည့်သွင်းတွက်ချက်မည်။ IHLCA Technical Committee ၏အဆိုအရ ဤမေးခွန်းတွင် ပျက်စီးနေသော သုံးမရတော့သည့် ရုပ်မြင်သံကြားစက် ကိုမူ ထည့်သွင်းတွက်ချက်မှု မပြုရန်ဖြစ်သည်။ ဤအချက်သည် စာရင်းကောက်သူများ သိရှိနားလည်နှင့်ပြီးဖြစ်သည်ဟု မှတ်ယူပေသည်။

**(၉) သင်တို့အိမ်ထောင်စု စက်ဘီး (သို့) စက်မဲ့လှေ။ ။မော်တော်ဆိုင်ကယ် ။ လက်တွန်း လယ်ထွန်စက်/ ဆိုက္ကား / စက်တပ်မော်တော်/ထော်လာဂျီ/သုံးဘီးဆိုင်ကယ်/မော်တော်ကား (၄ ဘီး)/လယ်ထွန်စက် ပိုင်။သုံးနိုင်သလား။ (တခြားသူထံ ငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာ အပါအဝင်)**

စာရင်းကောက်လက်စွဲ စာမျက်နှာ ၄၆ အရ အိမ်ထောင်စုဝင် တစ်ဦးဦးသည် ပစ္စည်းကို ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်သော်လည်းသုံးပိုင်ခွင့် ရှိသည်ဖြစ်စေ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ သုံးပိုင်ခွင့်ဆိုရာတွင် ပိုင်သည်ဖြစ်စေ၊ ငှားရမ်းသုံးစွဲသည်ဖြစ်စေ၊ နှစ်မျိုးစလုံး အကျုံးဝင်သည်။ အခြားသို့ ငှား(သို့) ပေါင်ထားသော ပစ္စည်းကိုလည်း ထည့်သွင်းကောက်ယူရမည်။ ၎င်းပစ္စည်းမှာ လောလောဆယ် လက်ဝယ် မရှိသော်လည်း အိမ်ထောင်စု၏ ပိုင်ဆိုင်သော ပစ္စည်းပင်ဖြစ်သည်။

ထို့ပြင်အိမ်ထောင်စုလက်ဝယ်ရှိနေသော ပစ္စည်းသည် ငှားရုံငှားထားသည်ဖြစ်စေ၊ အကြွေးဖြင့် ဝယ်ထားသည်ဖြစ်စေ ထည့်သွင်းကောက်ယူမည်ဖြစ်သည်။

သို့ရာတွင် ရုပ်မြင်သံကြားကို အိမ်နီးနားချင်း အိမ်တွင် ကြည့်နိုင်သည်ကို ပိုင်/သုံးနိုင် သည်ဟု မကောက်ယူရန်၊ ကြိုးဖုန်းကို အိမ်ပြင်ပတစ်နေရာရာတွင် လမ်းလျှောက်သွား၍ ဆက်သွယ်သုံးစွဲနိုင်သည်ကိုလဲ ပိုင်/သုံးနိုင်သည်ဟု မကောက်ယူရန် ဖြစ်သည်။ အချုပ်ဆိုရလျှင် ပစ္စည်းကို ပိုင်ဆိုင်လျှင် (လက်ဝယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) ထည့်သွင်းတွက်ချက်မည်။ လက်ဝယ်ရှိပါက (မပိုင်လျှင်လည်း) ထည့်သွင်းတွက်ချက်မည်။ ပိုင်သည်ဖြစ်စေ၊

လက်ဝယ်ရှိသည်ဖြစ်စေ ထည့်သွင်းတွက်ချက်မည်။ IHLCA Technical Committee ၏အဆိုအရ ဤမေးခွန်းတွင် ပျက်စီးနေသော သုံးမရတော့သည့် စက်ဘီး၊ လှေ၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား တို့ကိုမူ ထည့်သွင်းတွက်ချက်မှု မပြုရန်ဖြစ်သည်။ ဤအချက်သည် စာရင်းကောက်သူများ သိရှိနားလည်နှင့်ပြီးဖြစ်သည်ဟု မှတ်ယူပေသည်။

အိမ်ထောင်စုမှ ပိုင်ဆိုင်ထားသော (သို့) လက်ဝယ်ရှိသော ခရီးသွားလျှင် အသုံးပြုသော အကောင်းဆုံး ယာဉ်အမျိုးအစားကို မှတ်သားထားပါ။
ဥပမာ- အကယ်၍ အိမ်ထောင်စုသည် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် နှစ်မျိုးစလုံးကို ပိုင်ဆိုင်ပါက မော်တော်ဆိုင်ကယ်ကိုသာ စာရင်းသွင်းပါရန်။ အဘယ်ကြောင့်ဆိုသော် မော်တော်ဆိုင်ကယ်သည် စက်ဘီးထက်ပို၍ အသုံးဝင်သောကြောင့် ဖြစ်ပါသည်။ ဖြေဆိုသူ၏ တုန့်ပြန်မှုသည် အမှတ်စဉ် (ဂ) ဖြစ်ပါက ၎င်း၏ပိုင်ဆိုင်မှုသည် အမှတ်စဉ် (ခ) ထက်ပို၍ ကောင်းမွန်နေပါသည်။ စက်ဘီး (သို့) စက်မဲ့လှေတစ်ခုခုကိုပါ ပိုင်ဆိုင်ခြင်းသည် မည်သည့်အရာမျှ မပိုင်ဆိုင်ခြင်းထက် ပို၍ကောင်းပါသည်။

အကယ်၍ အိမ်ထောင်စုသည် မည်သည့်ယာဉ်အမျိုးအစားကိုမျှ ပိုင်ဆိုင်မှုမရှိလျှင် အမှတ်စဉ်(က) "တစ်ခုမျှ မပိုင်ပါ" ဟုမှတ်သားထားရန်။
အကယ်၍ အိမ်ထောင်စုသည် စက်ဘီး (သို့) စက်မဲ့လှေ တစ်ခုခုကို ပိုင်ဆိုင်ထား (သို့) လက်ဝယ်ရှိသော်လည်း အခြား အမှတ်စဉ် (ဂ) ၌ ဖော်ပြထားသော မည်သည့်ယာဉ်ကိုမျှ ပိုင်ဆိုင်မှုမရှိပါက အမှတ်စဉ် (ခ) "စက်ဘီး(သို့) စက်မဲ့လှေ တစ်ခုခု" ကို မှတ်သားထားရန်။
အကယ်၍ အိမ်ထောင်စုသည် အမှတ်စဉ် (ဂ) ၌ ဖော်ပြထားသော "မော်တော်ဆိုင်ကယ်/လက်တွန်းလယ်ထွန်စက်/ ဆိုက္ကား /စက်တပ်မော်တော် / ထော်လာဂျီ/သုံးဘီးဆိုင်ကယ်/မော်တော်ကား (၄ ဘီး) / လယ်ထွန်စက်" အပြင် စက်ဘီး (သို့) စက်မဲ့လှေ တစ်မျိုး (သို့)နှစ်မျိုးစလုံးကို ပိုင်ဆိုင်ပါက (သို့) လက်ဝယ်ရှိပါက အမှတ်စဉ် (ဂ)ကိုသာ မှတ်သားပါရန်။

**(၁၀) သင်တို့အိမ်ထောင်စုဝင် တစ်ဦးဦး ၏အဓိကအလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ၊ အမဲလိုက်၊ သစ်တော၊ ဓါတ်သတ္တု၊ ရေလုပ်ငန်း၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်း များကို လုပ်ကိုင်ပါက၊ သင်တို့အိမ်ထောင်စုဝင် တစ်ဦးဦး ပိုင် (သို့) လုပ်နိုင်ခွင့်ရှိတဲ့ စိုက်ပျိုးမြေ၊ မွေးမြူရေးမြေ၊ သစ်တောမြေ၊ စားကျက်မြေနှင့် ရေပြင်အင်းအိုင် ရှိပါက၊ ခိုင်းနွားမဟုတ်သောနွား၊ ခိုင်းကျွဲမဟုတ်သောကျွဲ၊ နို့စားနွားမ၊ နွားနောက်၊ မြင်း (သို့) မြည်း/လား တစ်မျိုးမျိုးကို ပိုင်ဆိုင်ပါသလား။ (တခြားသူထံ ငှားထားတာနဲ့ တခြားမှာ ပေါင်ထားတာအပါအဝင်)**

ဤ တိုင်းတာသည့် အညွှန်းကိန်း (မေးခွန်း) သည် ရှုပ်ထွေးမှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အောက်ဖော်ပြပါ မေးခွန်းသုံးခုကို ထည့်သွင်းထားခြင်းကြောင့် ဖြစ်ပါသည်။
(က) အိမ်ထောင်စုသည် စိုက်ပျိုးရေးကဏ္ဍ၌ ပါဝင်လုပ်ဆောင်ခြင်း ရှိမရှိ။
(ခ) အိမ်ထောင်စုသည် စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ရှိမရှိ နှင့်
(ဂ) အိမ်ထောင်စုသည် တိရစ္ဆာန်ကြီးမျိုး ပိုင်ဆိုင်မှုရှိမရှိ တို့ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းကို စတင်ပြီး အိမ်ထောင်စုဝင်များ၏ အမည်များကို စာရင်းလုပ်သည့်အခါ၌ အိမ်ထောင်စုဝင် တစ်ဦးချင်းစီ၏ အဓိက အလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ၊ အမဲလိုက်၊ သစ်တော၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်း များဟုတ်မဟုတ် မေးမြန်းရပါမည်။ အိမ်ထောင်စုဝင် တစ်ဦးချင်းစီ၏ အဓိကအလုပ်အကိုင်သည် ဖြေဆိုသူ၏ အဓိကစီးပွားရေး အလုပ်အကိုင်ဖြစ်ပါသည်။ ဤမေးခွန်း၏ အဖြေကို ဆုံးဖြတ်ရာ၌ နောက်ကျောစာမျက်နှာ၌ ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

စာရင်းကောက်လက်စွဲ စာမျက်နှာ ၇၉ အရ အောက်ဖော်ပြပါ ကဏ္ဍများသည် စိုက်ပျိုး၊ မွေးမြူ၊ အမဲလိုက်၊ သစ်တော၊ ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်းများနှင့် သက်ဆိုင်သော လုပ်ငန်းများဖြစ်ပါသည်။

အုပ်စု(၆) ကျွမ်းကျင်သော လယ်ယာနှင့် သားငါးလုပ်သားများ

- ၆၁၁ ရောင်းချရန် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက် ဥယျာဉ်စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူလယ်သမားများ
- ၆၁၂ ရောင်းချရန် ကျွဲနွား၊ သိုး၊ဆိတ်၊ဝက် စသည့် တိရစ္ဆာန်အမျိုးမျိုးမွေးမြူသူများ။
- ၆၁၃ ရောင်းချရန် ကောက်ပဲသီးနှံ စိုက်ပျိုးခြင်းတို့နှင့် တိရစ္ဆာန်မွေးမြူခြင်း လုပ်ကိုင်သူများ။
- ၆၁၄ ရောင်းချရန် သစ်တောနှင့် သစ်တောထွက်ပစ္စည်းလုပ်ငန်းများတွင် လုပ်ကိုင်သူများ၊ မီးသွေးဖုတ်လုပ်ငန်း လုပ်ကိုင်သူများ။
- ၆၁၅ ရောင်းချရန် ငါးမွေးမြူခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းနှင့် မုဆိုးလုပ်ငန်းလုပ်ကိုင်သူများ။
- ၆၂၁ ဝမ်းစာအတွက် စိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သူများ။

အုပ်စု (၇) လက်မှုလုပ်ငန်းနှင့် ဆက်နွယ်သောလုပ်ငန်း လုပ်သားများ

- ၇၁၁ သတ္တုတွင်းလုပ်သားများ၊ ကျောက်မိုင်းနှင့် ကျောက်ထုတ်လုပ်ရေး လုပ်ငန်း အလုပ်သမားများ၊ ကျောက်စရစ်ခဲ လုပ်သားများ။

**စိုက်ပျိုးရေး** တွင် မေးခွန်းတွင် ကောက်နုတ်ထည့်သွင်းဖော်ပြထားသော ကဏ္ဍများကို ကောက်နှုတ်ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးသည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်း များကို ခြုံငုံ၍ ဖော်ပြထားခြင်းဖြစ်သည်။

မြေနှင့်ပတ်သက်၍ အိမ်ထောင်စုသည် မြေကိုပိုင်ဆိုင်ပါက (တစ်ခြားသူထံငှားထားတာနဲ့ တစ်ခြားမှာ ပေါင်ထားခြင်းများအပါအဝင်)၊ ငှားရမ်းထားပါက၊ သီးနှံများကို ဖက်စပ်စိုက်ပျိုးခွင့်ရှိပါက (သို့) မြေကို အသုံးပြုရန် အစိုးရထံမှ ခွင့်ပြုချက်ရရှိပါက အသုံးပြုခွင့် ရှိသည်ဟု သတ်မှတ်ပါသည်။ "မြေ" ဟုဆိုရာ၌ ငါးဖမ်းခြင်းနှင့် စိုက်ပျိုးရေးလုပ်ဆောင်ရာ၌ အသုံးပြုသော ရေပြင်အင်းအိုင် လည်းပါဝင်ပါသည်။

IHLCA Technical Committee ၏အဆိုအရ အိမ်ထောင်စုသည် ရေနှင့် ရေအရင်းအမြစ်များကို သုံးစွဲရန်အခွင့် သို့မဟုတ် အခြားသူများကို အသုံးမပြုရန် တားမြစ်ခွင့် မရှိလျှင် ၎င်းအိမ်ထောင်စုသည် အများသုံးစွဲရန် ရေနှင့် မြေ အရင်းအမြစ်ကို သုံးစွဲသည် သို့မဟုတ် သုံးစွဲရန် အခွင့်ရှိသော်လည်း ၎င်းအိမ်ထောင်စုကို မြေအသုံးချပိုင်ခွင့် ရရှိသော အိမ်ထောင်စု အဖြစ် မသတ်မှတ်နိုင်ပေ။ ဥပမာ - အိမ်ထောင်စုသည် ရွာရှိအခြားသော အိမ်ထောင်စုဝင်များမှ ထုတ်ယူအသုံးပြုနေသော တစ်ဧက အရွယ်အစားရှိ ရေကန်မှ ရေများကို ၎င်းတို့လည်း ထုတ်ယူသုံးစွဲခွင့်ရှိပါက ၎င်းရေကန်ကို အိမ်ထောင်စုပိုင်မြေအဖြစ် မသတ်မှတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စုသည် အခြားသူများကို ၎င်းရေကန်ကို အသုံးမပြုရန် တားမြစ်ပိုင်ခွင့် မရှိသောကြောင့်ဖြစ်သည်။ ထိုနည်းတူစွာ အိမ်ထောင်စုသည် အခြားသူများကို ငါးဖမ်းခြင်းလုပ်ငန်းများကို တားမြစ်ပိုင်ခွင့် မရှိပါက အဆိုအိမ်ထောင်စုသည် မြစ် သို့မဟုတ် ချောင်း အတွင်း၌ ငါးဖမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း အဆိုပါမြစ် သို့မဟုတ် ချောင်းကို ၎င်းတို့၏မြေအဖြစ် မသတ်မှတ်နိုင်ပေ။

တိရစ္ဆာန်ကြီးများ သည် ခိုင်းကျွဲခိုင်းနွား (သို့) ခိုင်းကျွဲမဟုတ်သောကျွဲ၊ ခိုင်းနွားမဟုတ်သောနွား ဟုသတ်မှတ်ရာတွင် အဓိကစဉ်းစားရမည့် အချက်မှာ ၎င်း တိရစ္ဆာန်များကို မည်သည့်နေရာ၌ အဓိက အသုံးပြုမည့်အပေါ်၌ မူတည်ပါသည်။ ထို့ကြောင့် ထွန်ယက်ရန်အတွက် လက်ရှိ အသုံးပြုနေသော နွားထီးသည် နောင်တွင် အစာအဖြစ် သတ်ဖြတ်ခြင်း (သို့) သားသတ်သမားထံသို့ ရောင်းချရန်ရှိနိုင်မည်ဖြစ်သော်လည်း အိမ်ထောင်စု၏ လက်ရှိပိုင်ဆိုင်မှုအနေအထားအရ အဓိက ရည်ရွယ်ချက်မှာ ခိုင်စေရန်ဖြစ်သည့်အတွက် ၎င်း တိရစ္ဆာန်သည် ခိုင်းကျွဲ၊ ခိုင်းနွားဖြစ်သည်။ ထိုနည်းတူစွာ နွားပေါက်သည် ခိုင်းရန်မွေးမြူထားခြင်းဖြစ်ပါက မည်သည့်လယ်ယာလုပ်ငန်းတွင်မခိုင်းရသေးသော်လည်း ခိုင်းနွားအဖြစ်သာ သတ်မှတ်ရမည် ဖြစ်ပါသည်။

ဤမေးခွန်း၏ ရည်ရွယ်ချက်အရ ခိုင်းနွားမဟုတ်သောနွား၊ ခိုင်းကျွဲမဟုတ်သောကျွဲ၊ နို့စားနွားမ၊ နွားနောက်၊ မြင်း (သို့) မြည်း/လား တို့ကိုသာ ထည့်သွင်းရေတွက် ရပါမည်။ ဆိုလိုသည်မှာ ခိုင်းကျွဲ ခိုင်းနွား တို့ကို ထည့်သွင်းရေတွက်ခြင်းမပြုသော်လည်း ခိုင်းနွားမဟုတ်သောနွား၊ ခိုင်းကျွဲမဟုတ်သောကျွဲ၊ နွားနောက် (ခိုင်းရန်ဖြစ်စေ၊ မခိုင်းရန်ဖြစ်စေ)၊ မြင်း (ခိုင်းရန်ဖြစ်စေ၊ မခိုင်းရန်ဖြစ်စေ)၊ မြည်း/လား (ခိုင်းရန်ဖြစ်စေ၊ မခိုင်းရန်ဖြစ်စေ) တို့ကို ထည့်သွင်းရေတွက်ရန်ဖြစ်သည်။ အကယ်၍ အိမ်ထောင်စုဝင်များ၏ အဓိက အလုပ်အကိုင်သည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်းတစ်ခုခုနှင့် ဆက်စပ်ခြင်းမရှိပါက အမှတ်စဉ် (ခ) "ဖော်ပြပါ လုပ်ငန်းများ မလုပ်ကိုင်သောအိမ်ထောင်စု" ဟုမှတ်သားရန်ဖြစ်ပါသည်။

အကယ်၍ အိမ်ထောင်စုသည် စိုက်ပျိုး၊ မွေးမြူ အမဲလိုက်၊ သစ်တော၊ ရေလုပ်ငန်း၊ ဓါတ်သတ္တု၊ ရွှေငွေ၊ ကျောက်မျက်ရတနာနှင့် ကျောက်တူးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ပါက မေးခွန်းတွင် ဖော်ပြထားသော လုပ်ကွက်/မြေကွက် (စိုက်ပျိုးရေး၊သစ်တော၊စားကျက်၊ တိရစ္ဆာန်မွေးမြူရေး (သို့) ရေပြင်အင်းအိုင်) စသည်တို့ကို အိမ်ထောင်စုဝင်တစ်ဦးဦးမှ ပိုင်ဆိုင်ခြင်း (သို့) လုပ်ကိုင်ခွင့်ရှိခြင်း ရှိမရှိ မေးမြန်းရန်ဖြစ်သည်။

အကယ်၍ ဖော်ပြပါ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်သော အိမ်ထောင်စုသည် လုပ်ကွက်မြေပိုင်ဆိုင်ခြင်း (သို့) လုပ်ကိုင်ခွင့် မရှိပါက အမှတ်စဉ် (က) "လုပ်ကွက်မြေမပိုင်ဆိုင်သော အိမ်ထောင်စု" ဟုမှတ်သားရပါမည်။

အကယ်၍ ဖော်ပြပါ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်သော အိမ်ထောင်စုသည် လုပ်ကွက်မြေပိုင်ဆိုင်မှု ရှိပါက ၎င်းအိမ်ထောင်စုသည် တိရစ္ဆာန်ကြီးမျိုး၊ ခိုင်းရန်မဟုတ်သော တိရစ္ဆာန်များ (နွား၊ကျွဲ၊ နို့စားနွားမ၊ နွားနောက်၊ မြင်း၊မြည်း/လား) တို့ကို ပိုင်ဆိုင်မှုရှိမရှိမေးရမည်ဖြစ်သည်။ လယ်ယာလုပ်ငန်းများတွင် အဓိကအသုံးပြုရန် (ဥပမာ - ထယ်ထိုးရန်၊ လှည်းဆွဲရန်၊ ပစ္စည်းသယ်ရန်) မွေးမြူထားသော ခိုင်းကျွဲ၊ခိုင်းနွား (သို့) အခြားခိုင်းရန် တိရစ္ဆာန်များကို ထည့်သွင်းခြင်း မပြုရပါ။ ဝက်၊သိုး၊ဆိတ်၊ကြက်၊ဘဲ များကို ထည့်သွင်းရေတွက်ခြင်း မပြုရပါ။ မေးခွန်းတွင် ပါရှိသော တိရစ္ဆာန်များကို ထည့်သွင်းရမည်ဖြစ်သည်။

အကယ်၍ အိမ်ထောင်စုသည် တိရစ္ဆာန်ကြီးမျိုး၊ ခိုင်းရန်မဟုတ်သော တိရစ္ဆာန်များ၊ တစ်ကောင် (သို့) တစ်ကောင်ထက်ပို၍ ပိုင်ဆိုင်ပါက အမှတ်စဉ် (ဃ) "လုပ်ကွက်မြေပိုင်ဆိုင်ပြီး ခိုင်းရန်မဟုတ်သော တိရစ္ဆာန်ကြီးများပိုင်ဆိုင် သောအိမ်ထောင်စု" ဟု မှတ်သားရမည်။ အကယ်၍အိမ်ထောင်စုသည် မည်သည့် တိရစ္ဆာန်ကြီးမျိုးကိုမျှ ပိုင်ဆိုင်ခြင်း မရှိပါက အမှတ်စဉ် (ဂ) "လုပ်ကွက်မြေပိုင်ဆိုင်ပြီး ခိုင်းရန်မဟုတ်သော တိရစ္ဆာန် ကြီးများ မပိုင်ဆိုင် သောအိမ်ထောင်စု " ကို ထည့်သွင်းရမည်ဖြစ်သည်။